# ၇-ခန္ဓကဝတ် ၁၄-ပါးကို သင်ပြခြင်း

[စူဠဝဂ္ဂ·ဝတ္တက္ခန္ဓကဌလာသော ဤကျင့်ဝတ်များကိုလည်း ဖတ်စာလုပ်၍ ရေးပါမည်၊ ရှင်သာမဏေများကို ဖတ်စာအဖြစ်ဖြင့် ဖတ်ပါစေ၊ တတ်နိုင်လျှင် လက်ရေးစာအဖြစ်ဖြင့် အကူးခိုင်းပြီးမှ ဖတ်ပါစေ။]

## (က) အာဂန္တုကဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....သူတပါးတို့၏ ကျောင်းတိုက်သို့ ခေတ္တခဏသွားသောရဟန်းသာမဏေကို "အာဂန္တုက=ဧည့်သည်" ဟု ခေါ်သည်၊ ထိုအာဂန္တုကပုဂ္ဂိုလ်သည် သူတပါး၏ ကျောင်းတိုက် အာရာမ်တွင်းသို့ ဝင်လိုသောအခါ—

(၁) ဘိနပ်စီး၍ ထီးဆောင်းလာသူဖြစ်လျှင် ကျောင်းသို့ မဝင်မီ ဘိနပ်ကိုလည်း ချွတ်ရ, ထီးကိုလည်း ရုပ်ရသည်။

(၂) ဦးခေါင်းခြုံလာလျှင် ထိုခေါင်းခြုံကို ဖွင့်၍ သင်္ကန်းကို ကောင်းမွန်စွာ ရန်းပြီးမှ ဝင်ရမည်။

(၃) ကျောင်းတိုက်တွင်းသို့ ရောက်ပြီးနောက် ကျောင်းနေပုဂ္ဂိုလ်က မိမိထက်ကြီးလျှင် ထိုပုဂ္ဂိုလ်ကို ရှိခိုးပြီးမှ သင့်တော်သောနေရာ၌ ထိုင်ရသည်။ [မိမိကကြီးလျှင် ရှိမခိုးဘဲ သင့်တော်ရာ၌ ထိုင်ရသည်။]